ကုမ္ပဏီအမည် - ညီနောင်ဦးကုမ္ပဏီလီမိတက်

လုပ်ငန်း - ကရင်ပြည်နယ်၊ မြဝတီစီးပွားရေးဇုန်နှင့် ဇုန်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၄-၅-၂၀၁၅		
၂	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က) ကရင်ပြည်နယ်အစိုးရအဖွဲ့	၁၂-၅-၂၀၁၆	၂၉-၇-၂၀၁၆	၇၇ ရက်
	(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန	၁၂-၅-၂၀၁၆	၁၀-၆-၂၀၁၆	၂၈ ရက်
	(ဂ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	၁၂-၅-၂၀၁၆	၁၈-၅-၂၀၁၆	၇ ရက်
၃	PAT (၁၇/၂၀၁၆) သို့ တင်ပြခြင်း	၉-၅-၂၀၁၆		
၄	PAT အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြရန် အကြောင်းကြားခြင်း ပြန်ကြားခြင်း	၂၀-၅-၂၀၁၆		
၅	ကုမ္ပဏီမှ PATအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ တင်ပြလာခြင်း	၆-၆-၂၀၁၆		
၆	ကုမ္ပဏီမှ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီလိုက်နာမည်ဖြစ်ကြောင်း တင်ပြလာခြင်း	၃-၆-၂၀၁၆		
၇	ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ငန်းနှင့် စပ်လျဉ်းသည့် ပြန်ကြားစာရရှိခြင်း	၂၉-၇-၂၀၁၆ (၇၇ ရက်ကြာ)		
၈	ကုမ္ပဏီမှ အဆိုပြုလွှာပေးပို့ခြင်း	၁၀-၈-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက်	**၈၂ ရက်**		

ကုမ္ပဏီအမည် - ညီနောင်ဦးကုမ္ပဏီလီမိတက်
အဖွဲ့အစည်းပုံသဏ္ဍာန် - မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား - ကရင်ပြည်နယ်၊ မြဝတီစီးပွားရေးဇုန်နှင့် ဇုန်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
တည်နေရာ - ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မှ (၇)မိုင်ခန့်အကွာ၊ မြဝတီ-သယ်န်း ညီနောင်ကားလမ်း မြောက်ဘက်ခြမ်း၊ မြဝတီကြိုးပြင် ကာကွယ်တော်ရှိမြေ၂၀၁ ဧက
လျှပ်စစ်ဓာတ်အားပေးစက်ထားရှိမည့် နေရာ - ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီစီးပွားရေးဇုန်အကွက် အမှတ် (A) ရှိ မြေ ၀.၇၂၁၉ ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - ကျပ် ၃,၀၀၀.၀၀ သန်း (အမေရိကန်ဒေါ်လာ ၂.၃၁၈ သန်းအပါအဝင်)
ဝန်ဆောင်မှုပေးမည့်စနစ် - ပြည်တွင်း ၁၀၀%
လုပ်ငန်းသက်တမ်း - ၅၀ နှစ်
အရင်းကြေကာလ - ၇ နှစ်
IRR - ၁၈ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဥ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၃.၀၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၁၇ သန်း
၃	သွင်းကုန်ခွန် ကင်းလွတ်ခွင့်	ကျပ် ၈၃.၄၇ သန်း	
၄	ဝင်ငွေခွန်	ကျပ် ၁၃၁.၀၀ သန်း	ကျပ် ၈၆၉.၀၀ သန်း
၅	ကုန်သွယ်လုပ်ငန်းခွန်	ကျပ် ၄၇၀.၀၀ သန်း	ကျပ် ၁,၀၄၅.၀၀ သန်း
၆	ရေ၊ လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၁၆၃.၀၀ သန်း
၇	Royalty Fee		ကျပ် ၄၇၆.၀၀ သန်း
၈	လုပ်ခလစာအပေါ်ဝင်ငွေခွန်		ကျပ် ၁၈.၇၅ သန်း တစ်နှစ် ဝင်ငွေ ကျပ် ၄.၈ သန်း (ကျပ်လေးဆယ့် ရှစ်သိန်း) ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း ၁၁ ဦး
၉	CSR (၂%)		ကျပ် ၆၂.၆၀ သန်း
၁၀	အလုပ်အကိုင် အခွင့်အလမ်း		အမြဲတမ်း ပြည်တွင်း ၃၆ ဦး ပြည်တွင်းလုပ်သား(၃၆)ဦး အလုပ် အကိုင်ရရှိမည်ဖြစ်၍ ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ကိုအထောက် အကူပြုစေပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ရရှိစေပြီးဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူ ပြုစေနိုင်ပါသည်။
		ကျပ် ၆၈၇.၄၇ သန်း	ကျပ် ၂,၆၃၅.၅၂ သန်း
		၁ : ၄	

အကြောင်းအရာ။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် ညီနောင်ဦး ကုမ္ပဏီလီမိတက်မှ ကရင်ပြည်နယ်၊ မြဝတီစီးပွားရေးဇုန်နှင့်ဇုန်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- ညီနောင်ဦး ကုမ္ပဏီ လီမိတက် (Nyi Naung Oo Co., Ltd.) ဦးသန်းမြင့် (အဘ-ဦးတင်ဖေ)			
၂။	အဖွဲ့အစည်းပုံသဏ္ဌာန်	- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု			
၃။	လုပ်ငန်းအမျိုးအစား	- ကရင်ပြည်နယ်၊ မြဝတီစီးပွားရေးဇုန်နှင့် ဇုန်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း			
၄။	တည်နေရာနှင့် မြေအကျယ်အဝန်း	- ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မှ (၇)မိုင်ခန့် အကွာ၊ မြဝတီ-သက်နှင်းညီနောင်ကားလမ်းမြောက်ဘက်ခြမ်း၊ မြဝတီကြိုးပြင်ကာကွယ်တောရှိမြေ ၂၀၁ ဧက			
၅။	လျှပ်စစ်ဓာတ်အားပေးစက်ထားရှိမည့် နေရာ	- ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီစီးပွားရေးဇုန် အကွက်အမှတ် (A) ရှိ မြေ ၀.၇၂၁၉ ဧက			
၆။	စုစုပေါင်း မတည်ငွေရင်း		ကျပ်(သန်း)	US$ (သန်း)	စုစုပေါင်း (ကျပ်သန်း)
	ငွေသား		၁၁၇.၆၃၆		၁၁၇.၆၃၆
	အဆောက်အဦ		၈၀.၀၀၀		၈၀.၀၀၀
	မြေတန်ဖိုး		၂၀.၀၀၀		၂၀.၀၀၀
	စက်ပစ္စည်းကိရိယာ(ပြည်ပဝယ်)			၂.၃၁၈	၂,၇၈၂.၃၆၄
	စုစုပေါင်း		၂၁၇.၆၃၆	၂.၃၁၈	၃,၀၀၀.၀၀၀
၇။	ဝင်ငွေရရှိမှုအခြေအနေ (၆နှစ်မြောက်)	ဖြန့်ဖြူးမည့် နေရာ	ဖြန့်ဖြူးမည့် လျှပ်စစ်ဓါတ်အား Year/kWh	တစ်ယူနစ် ဈေးနှုန်း (ကျပ်)/kWh	ရရှိမည့်ဝင်ငွေ ကျပ်(သန်း)
		Usage of Community in Village	၁,၀၃၇,၀၀၀	၂၀၀	၂၀၇.၄၀
		Commercial Usage of MEZ	၉,၃၃၁,၀၀၀	၃၀၀	၂,၇၉၉.၃၀
				စုစုပေါင်း	၃,၀၀၆.၇၀
၈။	ဖြန့်ဖြူးမည့် နည်းစနစ်	- ပြည်တွင်း (၁၀၀%)			
၉။	လုပ်ငန်းသက်တမ်း	- ၅၀ နှစ်			
၁၀။	တည်ဆောက်ရေးကာလ	- ၁၂ လ			

၁၁။	ဝန်ထမ်းအင်အား(ပြည်တွင်း)	- ၃၆ ဦး (အမြင့်ဆုံးလစာ - ၁,၀၀၀,၀၀၀ ကျပ် အနိမ့်ဆုံးလစာ - ၂၀၀,၀၀၀ ကျပ်)
၁၂။	(၆)နှစ်မြောက်တွင်ကုမ္ပဏီ၏	
	ဝင်ငွေ	- ကျပ် ၃,၀၀၇.၀၀ သန်း
	အသုံးစရိတ်	- ကျပ် ၂,၇၄၂.၀၀ သန်း
	အသားတင် အမြတ်	- ကျပ် ၂၆၅.၀၀ သန်း
၁၃။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ် (၆)နှစ်မြောက်	
	ဝင်ငွေခွန်	- ကျပ် ၈၈.၀၀ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၁၅၀.၀၀ သန်း
	Royalty Fee	- ကျပ် ၂၆.၀၀ သန်း
၁၄။	အရင်းကြေကာလ	- ၇ နှစ်
	အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၁၈ %
၁၅။	လျှပ်စစ်ဓာတ်အား (နှစ်စဉ်)	- ၁၀,၀၀၀ kWh
	ဒီဇယ်ဆီလိုအပ်မှု (နှစ်စဉ်)	- ဂါလံ ၂,၀၀၀
၁၆။	CSR	- ကုမ္ပဏီ၏ အမြတ်ငွေထဲမှ ၂% (CSR) အတွက် သုံးစွဲမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

Nyi Naung Oo Co.,Ltd
Machineries & Equipment (to be imported)

Exhibit.No.III

Sr. No	Particulars	A/U	Qty	Unit Price (US$)	Total Cost (US$)
1	Conductor, ACSR 185/30Sqmm.TIS.86	M	320	10	3200
2	Cable, Areal, AL22KV.1X50 Sqmm	M	30	9	270
3	Cable, Areal, AL22KV.1X185 Sqmm	M	42880	30	1286400
4	Cable, AL, 750V, 95 SQ.MM.TIS 293	M	19	7	133
5	Tape, PVC, O/D	EA	95	1	95
6	Splicing Tape, Aerial Cable 3/4 x 30'	EA	318	5	1590
7	Tape, Armor, AL 1 x 10 mm	KG	67	15	1005
8	Tie Wire AL 4.0 mm	KG	166	14	2324
9	Vibration Damper, Spiral S.T Wire 25	EA	2	10	20
10	Vibration Damper, Spiral AL 95-120	EA	6	25	150
11	Performed D/E, SAC 22 KV 185 Sqmm	EA	366	14	5124
12	Conn, PG, Triple Bolt, AL 70-18 Sqmm	EA	90	5	450
13	Bail-Clamp, Main AL 70-185 Sqmm	EA	9	20	180
14	Hot Line Clamp, Main AL 25-50 Sqmm	EA	9	12	108
15	Conn, Splice, Tension AL 185 Sqmm	EA	18	6	108
16	Conn, Splice, Tensionless AL 185 Sqmm	EA	77	4	308
17	Bracket, SAC Corner Support 22-33 KV	EA	377	3	1131
18	Anchor Plate, Concrete 550 x 550 x 150 mm	EA	42	18	756
19	ST. Channel, 100 x 50 x 5 mm, 2.25 m Long	EA	100	90	9000
20	ST. Aung. OHGW Bayonet 2.25 m Long	EA	377	50	18850
21	Wire ST, Soild Dia 4.0 mm TIS 71	KG	1	5	5
22	ST. Wire, Stranded 25 Sqmm TIS 404	M	14749	2	29498
23	ST. Wire, Stranded 50/7 Sqmm TIS 404	M	962	3	2886
24	ST. Wire, Stranded 95 Sqmm TIS 404	M	809	5	4045
25	Rod, Anchor, Round Eye M-16, 2m Long	M	44	35	1540
26	Bolt, Stranded Eye, 16 x 250 mm	EA	44	4	176
27	Thimble, Gud for Steel Wire 50-95 Sqm^2	EA	200	1	200
28	Ground Rod, 60 x 60 x 5 mm. 2m Long	EA	42	40	1680
29	Clamp, Single U-Bolt.M.8 (Wire rope clip)	EA	1454	1	1454
30	Clamp, Double U-Bolt.M.16 (Wire rope clip)	EA	204	3	612
31	Ground Wire Clamp J.1152	EA	377	2	754
32	Conduit, PVC Rigid, 20 x 2500 m^2 TIS 216	EA	42	2	84
33	ST-Channel 150 x 75 x 6.5 m^2 6.m Long	EA	2	500	1000
34	ST.Pipe, Size 20, 180 m^2 Long W/O T.E	EA	14	4	56
35	ST.Pipe, Size 20, 200 m^2 Long W/O T.E	EA	32	4	128
36	ST.Pipe, Size 20, 230 m^2 Long W/O T.E	EA	8	10	80
37	Bolt, Machine m 16 x 130 m^2	EA	24	1	24
38	Bolt, Machine m 16 x 170 m^2	EA	172	1	172
39	Bolt, Machine m 16 x 200 m^2	EA	78	2	156
40	Bolt, Machine m 16 x 250 m^2	EA	1041	2	2082
41	Bolt, Machine m 16 x 300 m^2	EA	5	3	15
42	Bolt, Machine m 16 x 350 m^2	EA	2	3	6
43	Bolt, Machine m 16 x 400 m^2	EA	767	3	2301
44	Bolt, Double Aiming M 16 x 450 m^2	EA	8	5	40

Nyi Naung Oo Co.,Ltd
Machineries & Equipment (to be imported)

Exhibit.No.III

Sr. No	Particulars	A/U	Qty	Unit Price (US$)	Total Cost (US$)
45	Bolt, Double Aiming, Round Eye M 16 x 450	EA	156	6	936
46	Bolt, Double Aiming, Round Eye M 16 x 500	EA	30	6	180
47	Bolt, Round Eye M 16 x 200 m^2	EA	114	4	456
48	Bolt, Round Eye M 16 x 250 m^2	EA	55	4	220
49	Bolt, Stumb M 24 x 800 m^2	EA	330	20	6600
50	Nut, Eye M.16 Din 582	EA	167	3	501
51	Washer, Plain, Square 52 x 52 x 4.5 m^2	EA	3085	1	3085
52	Washer, Square, Curved 60 x 60 x 5 m^2	EA	9	1	9
53	Washer, Lock, Spring, 16 m^2 x TIS 259	EA	5	1	5
54	Brace, Flat, For Cross Arm 30 x 6 x 760 m^2	EA	180	5	900
55	Brace, Alley Arm, 40 x 40 x 5 m^2, 2.12 m Long	EA	2	35	70
56	Clamp, Strain for ACSR 120-185 Sqm^2	EA	3	32	96
57	Insulator, Line - Post, 22 KV, 57-2 L	EA	1498	75	112350
58	Insulator, Suspension, 52-1, TIS 354	EA	1089	30	32670
59	Insulator, Strain, 54-4 TIS 280	EA	51	10	510
60	Clevis, Thimble, for Performed Dead-en	EA	366	3	1098
61	Pole 12.2m	EA	368	800	294400
62	Pole 14.3m	EA	2	1200	2400
63	Stub .36 x .36 m 5.5 m Long	EA	110	450	49500
64	Stub .41 x .41 m 5.5 m Long	EA	2	520	1040
65	Cross Arm 100 x 100 x 2, 500 m^2	EA	3	45	135
66	Cross Arm (For D/E) 120 x 120 x 2000 m^2	EA	124	50	6200
67	ST Channel, 100 x 50 x 5 m^2, 2.5 m Long	EA	4	35	140
68	ST Channel, 150 x 75 x 6.5 m^2, 4.5 m Long	EA	40	400	16000
69	ST Angle, 75 x 75 x 6 m^2, 4100 m^2 Long	EA	2	120	240
70	ST Beam, 100 x 100 x 3.2 m^2 2 m Long	EA	3	100	300
71	S.A 20-21 KV, 5 KA	EA	3	200	600
72	S.A 24-26 KV, 10 KA	EA	18	450	8100
73	LB SW, SF6, Remote, 3P 22 KV 600 A	EA	3	9000	27000
74	Control Unit, Auto, For SF 6 LB, SW	EA	3	2400	7200
75	VT 3P O/D 22000/110 V 10 VA - 200 V- 500 VA	EA	3	2500	7500
76	Test tools	Set	1	7000	7000
77	Meter tester	Set	1	7000	7000
78	Ground tester	Set	1	2000	2000
79	Installation tools	Set	1	7000	7000
80	Thermo scanner	Set	1	10000	10000
81	Safty Equipment and devices	Set	1	15000	15000
82	Generatot 1100 KVA/800 MW	Nos.	1	80000	80000
	Sub-Total				**2088637**

Nyi Naung Oo Co.,Ltd
Machineries & Equipment (to be imported)

Exhibit.No.III

Sr. No	Particulars	A/U	Qty	Unit Price (US$)	Total Cost (US$)
	Vehicles				
1	Truck, 3 ton	Nos.	1	50000	50000
2	Boom truck	Nos.	1	60000	60000
3	Loader crane	Nos.	1	60000	60000
4	Pickup	Nos.	3	20000	60000
	Sub-Total				**230000**
	Grand Total				**2318637**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက- ၅(လ) / မ-၀၀၁ / ၂၀၁၆ (၄၁၇)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် ညီနောင်ဦး ကုမ္ပဏီလီမိတက်မှ ကရင်ပြည်နယ်၊ မြဝတီစီးပွားရေးဇုန်နှင့်ဇုန်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ ညီနောင်ဦး ကုမ္ပဏီလီမိတက်မှ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မှ (၇)မိုင်ခန့် အကွာ၊ မြဝတီ-သက်န်းညီနောင် ကားလမ်း မြောက်ဘက်ခြမ်း၊ မြဝတီကြိုးမြင် ကာကွယ်တောရှိ မြေ ၂၀၁ ဧကနေရာရှိ မြဝတီအထူးစီးပွားရေးဇုန်နှင့် ဇုန်အတွင်းကျေးရွာများသို့ ပထမအဆင့်နှင့် ဒုတိယအဆင့် 22kV ဓာတ်အားလိုင်းဖြင့် 22/0.4 kV transformer တည်ဆောက်ခြင်းနှင့် တတိယအဆင့် 115 kV ဓာတ်အားလိုင်းနှင့် 115/22 kV ဓာတ်အားခွဲရုံတည်ဆောက်ပြီး ထိုင်းနိုင်ငံမှ လျှပ်စစ်ဓာတ်အား သွယ်တန်း၍ ဖြန့်ဖြူးရောင်းချခြင်းဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးသန်းမြင့်(အဘ-ဦးတင်ဖေ) မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညီနောင်ဦး ကုမ္ပဏီလီမိတက်တို့အကြား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ချုပ်ဆိုထားသော မြေငှားရမ်းခြင်း သဘောတူစာချုပ် ပူးတွဲတင်ပြထားပါသည်။ ညီနောင်ဦး ကုမ္ပဏီလီမိတက်သည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ ENOVA Automation Co., Ltd. မှ လျှပ်စစ်ဓာတ်အား ဝယ်ယူရရှိနိုင်ရန်အတွက် ENOVA Grid Enterprise (Myanmar) Co., Ltd. နှင့်ချုပ်ဆိုထားသော Electricity Supply Agreement (မူကြမ်း) တင်ပြထားပါသည်။

၃။ ညီနောင်ဦး ကုမ္ပဏီလီမိတက် နှင့် ENOVA Grid Enterprise (Myanmar) Co., Ltd. တို့ ချုပ်ဆိုသော Electricity Supply Agreement (မူကြမ်း)ပါ အဓိက အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဓာတ်အားဝယ်ယူရာတွင် ၁ ယူနစ်လျှင် ဇုန်အတွင်း ကျေးရွာများအတွက် ထိုင်းဘတ် ၄.၅ (သို့) မြန်မာငွေ ၁၃၅ ကျပ်နှင့် စီးပွားရေးဇုန်အတွက် ထိုင်းဘတ် ၆.၅ (သို့) မြန်မာငွေ ၁၉၅ ကျပ်ကို ENOVA Grid Enterprise (Myanmar) Co., Ltd. သို့ ပေးချေရမည်။ [စာချုပ်အပိုဒ်-3 (b), (c)]

(ခ) Electricity Fee ကို ENOVA သို့ မှန်မှန်ပေးသွင်းရမည်ဖြစ်ပြီး ၆ လ ကျော် ပေးသွင်းရန် ပျက်ကွက်ပါက သဘောတူညီချက်ကို ENOVA မှ ဖျက်သိမ်းမည်။ **[စာချုပ်အပိုဒ်-3(e)]**

(ဂ) ပထမအဆင့်အနေဖြင့် (၂၂) ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းပြီး (၈)မဂ္ဂါဝပ် ရှိသည့် ဓာတ်အား ပို့လွှတ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်း ဒုတိယအဆင့်တွင် (၂၂) ကေဗွီ ဓာတ်အားလိုင်း ထပ်မံ သွယ်တန်းပြီး (၈)မဂ္ဂါဝပ်ရှိသည့် ဓာတ်အား ပို့လွှတ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ပထမအဆင့်နှင့်ဒုတိယအဆင့် လုပ်ငန်း ဆောင်ရွက်ပြီးစီးသည့်အခါတွင် လျှပ်စစ်ဓာတ်အား (၁၆) မဂ္ဂါဝပ်အထိ ရရှိလာမည် ဖြစ်ကြောင်း၊ တတိယအဆင့်တွင် (၁၁၅) ကေဗွီဓာတ်အားလိုင်း ထပ်မံသွယ်တန်းပြီး (၈၀)မဂ္ဂါဝပ်ရှိသည့် လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ဖော်ပြထားပါသည်။ **[စာချုပ်အပိုဒ်-4]**

၄။ လုပ်ငန်းသက်တမ်းကာလမှာ ၅၀ နှစ်ဖြစ်ပြီး တည်ဆောက်မှုကာလမှာ ၁၂ လ ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ ကျပ်သန်း ၃,၀၀၀.၀၀ ဖြစ်ပြီး ထည့်ဝင်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

		ကျပ် (သန်း)	US$ (သန်း)	စုစုပေါင်း (ကျပ်သန်း)
(က)	ငွေသား	၁၁၇.၆၃၆		၁၁၇.၆၃၆
(ခ)	အဆောက်အဦ	၈၀.၀၀၀		၈၀.၀၀၀
(ဂ)	မြေ	၂၀.၀၀၀		၂၀.၀၀၀
(ဃ)	စက်ပစ္စည်းကိရိယာ(ပြည်ပဝယ်)		၂.၃၁၈	၂,၇၈၂.၃၆၄
	စုစုပေါင်း	၂၁၇.၆၃၆	၂.၃၁၈	၃,၀၀၀.၀၀၀

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းဝန်ထမ်း ၃၆ ဦး ခန့်ထားမည်ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၂၀၀,၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၁,၀၀၀,၀၀၀ ဖြစ် ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ပုံမှန်နှစ် (၆-နှစ်မြောက်) တွင် ဖြန့်ဖြူးရောင်းချမည့် လျှပ်စစ်ဓာတ်အား ပမာဏနှင့်ဈေးနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	ဖြန့်ဖြူးမည့် နေရာ	ဖြန့်ဖြူးမည့် လျှပ်စစ်ဓါတ်အား Year/kWh	တစ်ယူနစ် ဈေးနှုန်း (ကျပ်)/kWh	ပုံမှန်နှစ် ဝင်ငွေကျပ် (သန်း)
(က)	- Usage of Community in Village	၁,၀၃၇,၀၀၀	၂၀၀	၂၀၇.၄၀
(ခ)	- Commercial Usage of MEZ	၉,၃၃၁,၀၀၀	၃၀၀	၂,၇၉၉.၃၀
			စုစုပေါင်း	၃,၀၀၆.၇၀

၈။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် ၆ နှစ်မြောက်တွင် ကုမ္ပဏီမှ ရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	US$ (သန်း)
(က)	ဝင်ငွေ	၃,၀၀၇.၀၀
(ခ)	အသုံးစရိတ်	၂,၇၄၂.၀၀
(ဂ)	အသားတင်အမြတ်	၂၆၅.၀၀

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ၆ နှစ်မြောက်တွင် ရရှိမည့်အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၈၈.၀၀ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၅၀.၀၀ သန်း ဖြစ်ပါသည်။ Royalty Fee အဖြစ် တစ်ယူနစ်လျှင် ကျပ် ၂.၅၀ နှုန်းဖြင့် ကျပ် ၂၆ သန်းရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေ ကာလမှာ ၇ နှစ် ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ် နှုန်း IRR မှာ ၁၈ % ဖြစ်ပါသည်။

၁၀။ ယင်းအဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **ကရင်ပြည်နယ်အစိုးရအဖွဲ့** **နောက်ဆက်တွဲ-က**

အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၀ ရက် နေ့တွင် ကျင်းပပြုလုပ်သော ကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၁၆) ဆုံးဖြတ်ချက် အပိုဒ်(၁၀)အရ **"ကန့်ကွက်ရန်မရှိကြောင်း"** သဘောထားပြန်ကြားလာပါသည်။

(ခ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** **နောက်ဆက်တွဲ-ခ**

(၁) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင် ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်း ကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြု ရန် နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြု လုပ်ငန်း များ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင် အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်း အပါအဝင် ကတိကဝတ်များ အား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ် ခြင်း (Initial Environmental Examination - IEE) ကို ဆောင်ရွက်ပြီး ပတ်ဝန်း

ကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက် များအတိုင်း အစီရင်ခံစာ ရေးသားတင်ပြရန်နှင့် ဝန်ကြီးဌာနမှ လိုအပ်ပါက ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment- EIA) ကို ဆက်လက် ဆောင်ရွက်ရန်။

(၃) အထက်ပါ လေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါး စေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan- EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၄) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **(ကုမ္ပဏီမှ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။)**

(ဂ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** **နောက်ဆက်တွဲ-ဂ**

(၁) ကရင်ပြည်နယ်၊ မြဝတီခရိုင်သို့ 230kV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသွယ်တန်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်လျာထားခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြဝတီသို့နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါက မြဝတီအထူးစီးပွားရေးဇုန်ကိုလည်း အလားတူဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ စီးပွားရေးဇုန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရာတွင် Transmission Line & Substation ကို 230 kV ဓာတ်အားပို့လွှတ် လက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ Distribution Line & Substation များကို နိုင်ငံတော် ဓာတ်အားစနစ်၏ Voltage System များဖြစ်သော 33 kV, 11 kV စနစ်များဖြင့် ဓာတ်အားပို့လွှတ် လက်ခံနိုင်ရေးစီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊

(၂) စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့် ဓာတ်အားဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်မည့် ညီနောင်ဦး ကုမ္ပဏီလီမိတက်တို့မှလည်း နိုင်ငံတော် ဓာတ်အားစနစ် ရောက်ရှိလာပါက တည်ဆဲလျှပ်စစ်ဥပဒေနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ Infrastructure ကြေးများ သတ်မှတ်ဓာတ်အားခ နှုန်းထားများအတိုင်း ပေးသွင်းရန် လိုက်နာဆောင်ရွက်သွားရမည်ကို ကတိပြုလက်ခံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

(၃) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းအတွက် ညီနောင်ဦး ကုမ္ပဏီမှ ခိုင်ကြေး (Royalty Fee) ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ ပေးသွင်းရမည်ကို သဘောတူညီကြောင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် တစ်နှစ်လျှင် တစ်ကြိမ် စာချုပ်ချုပ်ဆို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ **(ကုမ္ပဏီမှ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။)**

၁၁။ ငွေကြေးအထောက်အထားအဖြစ် ညီနောင်ဦး ကုမ္ပဏီလီမိတက်သည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ ရက်စွဲဖြင့် ကမ္ဘောဇ (စော်ဘွားကြီးကုန်း) ဘဏ်ခွဲတွင် ကျပ် ၂၆၁,၀၃၂,၁၈၄.၈၀ ရှိကြောင်း တင်ပြထားပါသည်။

၁၂။ ညီနောင်ဦး ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင် သာယာရေး ဆောင်ရွက်မည့်အစီအစဉ်၊ မီးဘေးကြိုတင် ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အစီအစဉ်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး ဆောင်ရွက်မည့်အစီအစဉ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်၊ ဝန်ထမ်းများလစာအပေါ် ဝင်ငွေခွန် ပေးဆောင်မှု အစီအစဉ်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင် လုံခြုံရေးနှင့် လူမှုဖူလုံရေးအစီအစဉ်၊ လူမှုဘဝသာယာဝပြောရေး (CSR) အတွက် အသားတင်အမြတ်၏ ၂% ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၃။ အဆိုပြုလုပ်ငန်းအား အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၂၀၁၆ခုနှစ် မေလ ၉ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၇/၂၀၁၆) အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

၁၄။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)၊ ပုဒ်မ ၂၀(က၊ ဂ၊ ဃ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ) အရ အခွန်အကောက်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါမည်။

၁၅။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) ညီနောင်ဦး ကုမ္ပဏီ လီမိတက်သည် ကရင်ပြည်နယ် အစိုးရပိုင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မှ (၇)မိုင်ခန့်အကွာ၊ မြဝတီ-သဃ်န်းညီနောင် ကားလမ်း

မြောက်ဘက်ခြမ်း၊ မြဝတီ ကြိုးပြင်ကာကွယ်တောရှိ မြေ ၂၀၁ ဧက အား ကနဦး နှစ် ၅၀ ငှားရမ်း၍ "**မြဝတီ စီးပွားရေးဇုန် တည်ဆောက်၍ မြေယာများ ဖော်ထုတ်ငှားရမ်းခြင်းလုပ်ငန်း**" ဆောင်ရွက်ခွင့်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်အမှတ်- မနသ- ၁၀၄၉/၂၀၁၅ (၇-၄-၂၀၁၅)ဖြင့် ခွင့်ပြုမိန့် ရရှိပြီးဖြစ်ပါသည်။

(ခ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (နေပြည်တော်)၏ ၂-၁၀-၂၀၁၅ ရက်စွဲပါစာဖြင့် "**မြဝတီစီးပွားရေးဇုန်အတွက် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှ လျှပ်စစ်ဓာတ်အား ဝယ်ယူသုံးစွဲနိုင်ရေး ညှိနှိုင်းပြန်ကြားစာ**"တွင် ညီနောင်ဦး ကုမ္ပဏီလီမိတက် အနေဖြင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ ENOVA Automation Co., Ltd. မှ ဓာတ်အားကို သွယ်တန်းလျက် မြဝတီစီးပွားရေးဇုန်သို့ ဖြန့်ဖြူးပေးနိုင်ရန်အတွက် သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းသဘောတူညီ ချက်ရရှိရန် လိုအပ်ကြောင်းနှင့် လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၏ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြန်ကြားထားပါသည်။

ဆုံးဖြတ်ရန်အချက်

၁၆။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် ညီနောင်ဦး ကုမ္ပဏီလီမိတက်မှ ကရင်ပြည်နယ်၊ မြဝတီစီးပွားရေးဇုန်နှင့် ဇုန်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

နောက်ဆက်တွဲ - က

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့ရုံး
ကရင်ပြည်နယ်

စာအမှတ်၊ ၂၀၀ / ၇ - ၁၄ / ဦး ၆ (၁၁၄၁)
ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂-၅-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ရကာ -၅(လ)/မ-၀၀၁/၂၀၁၆(၃၀၉)

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆-၇-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ မရကာ -၅(လ)/ မ - ၀၀၁ / ၂၀၁၆ (၃၆၉)

ညီနောင်ဦး ကုမ္ပဏီလီမိတက်မှ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မှ (၇)မိုင်ခန့် အကွာ၊ မြဝတီ-သင်္ကန်းညီနောင် ကားလမ်းမြောက်ဘက်ခြမ်း၊ မြဝတီကြိုးပြင် ကာကွယ်တော်ရှိမြေ (၂၀၁)ဧက နေရာရှိ မြဝတီအထူးစီးပွားရေးဇုန်နှင့် ဇုန်အတွင်းကျေးရွာများတွင် ပထမနှင့် ဒုတိယအဆင့် 22KV ဓာတ်အားလိုင်းဖြင့် 22/0.4 KV Transformer တည်ဆောက်ခြင်းနှင့် တတိယအဆင့် 115 KV ဓာတ်အားလိုင်းနှင့် 115 / 22 KV ဓာတ်အားခွဲရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြခဲ့ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးသို့ တင်ပြနိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို ဆောလျင်စွာ ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းချက်ပါစာများဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာသည့်ကိစ္စနှင့် ပတ်သက်၍ (၂၀-၇-၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် (၁၀)အရ ကန့်ကွက်ရန်မရှိကြောင်း သဘောထား ပြန်ကြားအပ်ပါသည်။

ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား)
(မင်းရွှေ၊ အတွင်းရေးမှူး)

မိတ္တူကို

ပြည်နယ်ဝန်ကြီး၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန၊ ဘားအံမြို့
ညီနောင်ဦးကုမ္ပဏီလီမိတက်၊ မြဝတီမြို့
မျှော
လက်ခံ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝဝ၁/ MIC(OSS) /ဝ၁(၁၆၃ /၁၄)
ရက် စွဲ၊၂၀၁၆ခုနှစ် မေလ ၁၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **ညီနောင်ဦးကုမ္ပဏီလီမိတက်မှ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၂-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(လ)/ မ-ဝဝ၁/ ၂၀၁၆(၃ဝ၇)

၁။ ညီနောင်ဦးကုမ္ပဏီလီမိတက်မှ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မှ (၇)မိုင်ခန့်အကွာ မြဝတီ-သင်္ကန်းညီနောင်ကားလမ်းမြောက်ဘက်ခြမ်း၊ မြဝတီကြို့ပြင်ကာကွယ်တောရှိ မြေ ၂၀၁ဧက ၌နေရာရှိ မြဝတီအထူးစီးပွားရေးဇုန်နှင့်ဇုန်အတွင်းကျေးရွာများတွင် ပထမနှင့် ဒုတိယအဆင့် 22KV ဓါတ်အားလိုင်းဖြင့် 22/0.4KV transformer တည်ဆောက်ခြင်းနှင့် တတိယအဆင့် 115KV ဓါတ်အားလိုင်းနှင့်115/22KVဓါတ်အားခွဲရုံတည်ဆောက်၍ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၅၀)နှင့်(၁၀)နှစ်သက်တမ်းတိုး(၂)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၁၂)လဖြစ်ကြောင်း၊ လုပ်သားများသက်သာချောင်ချိရေးနှင့်လုပ်ငန်းခွင်သာယာရေးအစီအစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်မည့်အစီအစဉ်များကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့်အသားတင်အမြတ်ငွေ၏(၂%)ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility-CSR)လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ လုပ်ငန်းမှထွက်ရှိလာမည့်စွန့်

ပစ်ပစ္စည်းများကို စနစ်တကျထုတ်ပိုး၍ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထား သည့်နေရာများတွင် စွန့်ပစ်သွားမည်ဖြစ်ကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားမည်ဖြစ် ကြောင်းဖော်ပြပါရှိပါသည်။

၃။ ညီနောင်ဦးကုမ္ပဏီလီမိတက်မှလျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ရာ တွင် တိုင်စိုက်ခြင်း၊ လိုင်းဆွဲခြင်းများအတွက်လမ်းအူကြောင်းရှာခြင်း၊ မြေတူးခြင်း၊ တောင်နံရံ ဖြိုခြင်း၊ သစ်ပင်များခုတ်လှဲခြင်းများကြောင့် ကျေးငှက်တိရိစ္ဆာန်များ၏ဂေဟာစနစ်များထိခိုက် ပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ထွက်ရှိလာမည့်မြေသားအမှုန်အမွှားများ၊ ဖုန်မှုန့်များ ကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်း Transformer နှင့်ဓါတ်အားခွဲရုံအဆောက်အဦများ တည်ဆောက်ရာတွင် ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့်စွန့်ပစ်အရည်များအား စနစ်တကျစီ မံခန့်ခွဲမှုမပြုပါက ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထုအားညစ်ညမ်းစေခြင်း စသည့်ပတ်ဝန်း ကျင်ဆိုင်ရာထိခိုက်မှုပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ညီနောင်ဦးကုမ္ပဏီလီမိတက်မှ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိုစွန့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ် ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်း ကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြု လွှာတွင်ဖော်ပြထားသည့်လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင် ရွက်မှု(Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ် ငွေ၏(၂%)အားအသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအားလိုက်နာအကောင် အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး (သို့မ

ဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination- IEE)ကိုဆောင်ရွက်ပြီးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များအတိုင်း အစီရင်ခံစာရေးသားတင်ပြရန်နှင့် ဝန်ကြီးဌာနမှလိုအပ်ပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment-EIA)ကို ဆက်လက်ဆောင်ရွက်ရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး(သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP)ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဌာန်းထားသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

နောက်ဆက်တွဲ ဂ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

စာအမှတ်၊လျှပ်စစ်-၂/ (MSEZ)([illegible])/၂၀၁၆

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်းကိစ္စ

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၂-၅-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက-၅(လ)/မ-၀၀၁/၂၀၁၆(၃၀၈)

ညီနောင်ဦးကုမ္ပဏီလီမိတက်မှ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီအထူးစီးပွားရေးဇုန်နှင့် ဇုန်အတွင်းကျေးရွာများတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်သို့ အဆိုပြုတင်ပြလာခြင်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သဘောထားမှတ်ချက် အောက်ပါအတိုင်း ပြန်ကြားအပ်ပါသည်-

(က) ကရင်ပြည်နယ်၊ မြဝတီခရိုင်သို့ 230kVဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှ စတင်လျာထားခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးလျာထား ဆောင်ရွက်လျက်ရှိပါသည်။မြဝတီသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါက မြဝတီအထူးစီးပွားရေးဇုန်ကိုလည်း အလားတူဖြန့်ဖြူးပေးသွားမည် ဖြစ်ပါသည်။သို့ဖြစ်ပါ၍ စီးပွားရေးဇုန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ရာတွင် Transmission Line & Substation ကို 230kVဓာတ်အားပို့လွှတ်လက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ Distribution Line & Substation များကို နိုင်ငံတော်ဓာတ်အားစနစ်၏ Voltage System များဖြစ်သော 33kV,11kVစနစ်များဖြင့် ဓာတ်အားပို့လွှတ်လက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။

(ခ) စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့် ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းဆောင်ရွက်မည့် ညီနောင်ဦးကုမ္ပဏီလီမိတက်တို့မှလည်း နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိလာပါက တည်ဆဲလျှပ်စစ်ဥပဒေနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ Infrastructureကြေးများ သတ်မှတ်ဓာတ်အားခ နှုန်းထားများအတိုင်း

ပေးသွင်းရန် လိုက်နာဆောင်ရွက်သွားရမည်ကို ကတိပြုလက်ခံဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

(ဂ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းအတွက် ညီနောင်ဦးကုမ္ပဏီမှ နိုင်ကြေး (Royalty Fee) ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ ပေးသွင်းရမည်ကို သဘောတူညီကြောင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် တစ်နှစ်လျှင်တစ်ကြိမ် စာချုပ်ချုပ်ဆို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(စိုးမြင့်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

ရုံးလက်ခံ/ မျှောစာတွဲ